




# သာတူညီမျှရှိပြီးရေရှည်တည်တံ့သည့်စားနပ်ရိက္ခာ စနစ်တစ်ခုကြီးထွားတိုးတက်စေခြင်း

**Kansas City ဒေသအတွင်း**
**ပူးပေါင်းဆောင်ရွက်လှုပ်ရှားမှု အစီအစဉ်**

**2023 ခုနှစ်၊ ဒီဇင်ဘာလ**

# ဤပရောဂျက်အကြောင်း

ဒေသဆိုင်ရာ ဤလုပ်ငန်း အစီအစဉ်သည် ဒေသတွင် စားနပ်ရိက္ခာထုတ်လုပ်သူများနှင့် ဝယ်ယူစားသုံးသူများကြား ချိတ်ဆက်ပေးရန်၊ ဈေးကွက်အသစ်နှင့် ရှိလက်စဈေးကွက်များကို ချဲ့ထွင်ရန်နှင့် အသိုင်းအဝိုင်းတွင်း စားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ရန်အတွက် သာတူညီမျှရှိပြီး ရေရှည်တည်တံ့နိုင်သည့် နည်းဗျူဟာများကို ဖော်ထုတ်သတ်မှတ်ရန်  ရည်ရွယ်သည့် စီမံကိန်းပရောဂျက်တစ်ခု၏ ရလဒ်ဖြစ်ပါသည်။

**ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်များ**

ဤပရောဂျက်သည် ပူးပေါင်းဆောင်ရွက် အားထုတ်မှုတစ်ခုဖြစ်ပါသည်။ ညှိနှိုင်းစီစဉ်ဆောင်ရွက်ရေးအဖွဲ့သည် အကြံပေးဘုတ်အဖွဲ့၏ လမ်းညွှန်ထောက်ပံ့ကူမှုဖြင့် ဤပရောဂျက်ကို စီမံအကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ အသိုင်းအဝိုင်းတွင်းမှကူညီပံ့ပိုးသူများသည် ဒေသတွင်း ချိတ်ဆက်မှုများကို ပြုလုပ်ခဲ့ပြီး အုပ်စုလိုက်ဆွေးနွေးမှုများကို လက်ခံကျင်းပခဲ့ပါသည်။ ပရောဂျက် ရန်ပုံငွေထောက်ပံ့သူများက ရက်ရောသည့် ဘဏ္ဍာရေး ကူညီပံ့ပိုးမှုများ ပေးအပ်ခဲ့ပါသည်။

**ပိုမိုလေ့လာရန်**

လုပ်ငန်းအစီအစဉ် အပြည့်အစုံ၊ ဆန်းစစ်အစီရင်ခံစာနှင့် ပရောဂျက်ဒေတာ များကို ကြည့်ရှုရန် QR ကုဒ်ကို စကန်ဖတ်ပါ သို့မဟုတ် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုပါ။

www.kchealthykids.org/food-system-planning

**ညှိနှိုင်းစီစဉ်ဆောင်ရွက်ရေးအဖွဲ့**

Cultivate KC
Groundwork Northeast Revitalization Group
KC Healthy Kids
Mid-America Regional Council
New Growth

**အကြံပေးအဖွဲ့**

El Centro, Inc.
Harvesters-The Community Food Network
Kanbe's Markets
Kansas City Indian Center
ကန်းဆပ်စ် ကျေးလက်စင်တာ
(Kansas Rural Center)
ကန်းဆပ်စ်ပြည်နယ် သုတေသနနှင့် တိုးချဲ့ရေး
(K-State Research and Extension)
ကန်းဆပ်စ်ပြည်နယ် မြို့ပြ စားနပ်ရိက္ခာဆိုင်ရာ အစီအစဉ်
(K-State Urban Food Initiative)
လင်ကွန်းတက္ကသိုလ် ပူးပေါင်းဆောင်ရွက်မှု ချဲ့ထွင်ရေး
(Lincoln University Cooperative Extension)
Nanasoohannena Farm
The Prospect KC
United Food and Commercial Workers Local 2

**အသိုင်းအဝိုင်းတွင်း ကူညီပံ့ပိုးသူများ**

Allen County GROW
Cass County Coalition
Douglas County Food Policy Council
Greater KC Food Policy Coalition
Heart-N-Hand Ministries
KC Farm School on Gibbs Road
KC Young Farmers Coalition
MU Extension
The Kansas City Food Hub
West Central Community Action Agency

**ပရောဂျက် ရန်ပုံငွေပံ့ပိုးသူများ**

Blue KC
Hall Family Foundation
Health Forward Foundation
Henry E. Wurst Family Foundation
USDA Regional Food System Partnerships

# ကျွန်ုပ်တို့၏ စားနပ်ရိက္ခာစနစ်


ကျွန်ုပ်တို့၏ ဒေသဆိုင်ရာ စားနပ်ရိက္ခာစနစ်သည် စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် ကျေးလက်နှင့်မြို့ပြ အသိုင်းအဝိုင်းများ၏ ကျန်းမာရေးကို အကျိုးဖြစ်ထွန်းစေပါသည်။ သို့ပါသော်လည်း ကျေးလက်နှင့်မြို့ပြ အသိုင်းအဝိုင်းများတွင်းရှိ ဒေသထွက်ကုန် ထုတ်လုပ်သူများ၊ စားသောက်ကုန်လုပ်ငန်းများ၊ အလုပ်သမားများနှင့် ဝယ်ယူစားသုံးသူများသည် ဒေသထွက်စားနပ်ရိက္ခာ စိုက်ပျိုးရေးနှင့် ဝယ်ယူရေးနှင့် ပတ်သက်လာပါက တူညီသည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရပါသည်။ အဆိုပါ စိန်ခေါ်မှုများသည် လူမည်း ဌာနေတိုင်းရင်းသားနှင့် အသားအရောင်ရှိသူများ (BIPOC) အပေါ် အချိုးအဆမညီမျှစွာ သက်ရောက်မှုရှိကြောင်း အသေအချာမှတ်တမ်းတင်ထားပါသည်။

ကျွန်ုပ်တို့၏ ဒေသဆိုင်ရာ စားနပ်ရိက္ခာစနစ်အနေဖြင့် ခွဲခြားမှုရှိခြင်း၊ အချိတ်အဆက် ပြတ်တောက်ပြီး ညှိနှိုင်းဆောင်ရွက်ခြင်း မရှိပါက၊ အဆိုပါစိန်ခေါ်မှုများကို တုံ့ပြန်သည့် ကျွန်ုပ်တို့၏ကြိုးပမ်းအားထုတ်မှုများကို အဟန့်အတားဖြစ်စေပါသည်။ ပူးပေါင်းဆောင်ရွက်မှုသည် အခွင့်အလမ်းများကို ခွဲခြားဖော်ထုတ်ခြင်း၊ ရင်းမြစ်များ မျှဝေခြင်း၊ စကေးကြီးမားသည့် စီးပွားရေးလုပ်ငန်းများ ဖန်တီးခြင်း၊ ပြိုင်ဆိုင်မှုကို လျှော့ချခြင်းနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေရန် ပိုင်ဆိုင်မှုများကို အသုံးချခြင်းတို့အတွက် မရှိမဖြစ် အရေးကြီးပါသည်။ **ပထဝီ အနေအထား၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမျိုးရေး နယ်နိမိတ်ဘောင်များကိုဖြတ်၍ လူတိုင်းအတွက် အလုပ်ဖြစ်စေသော ပိုမိုခံနိုင်ရည်ပြည့်ဝပြီး သာတူညီမျှရှိသည့် ဒေသဆိုင်ရာ စားနပ်ရိက္ခာစနစ်တစ်ခုကို ကျွန်ုပ်တို့ အတူတကွ တည်ဆောက်ရပါမည်။**

### သာတူညီမျှမှုကို ဗဟိုပြုခြင်း

အာဟာရပြည့်ဝသောအစားအစာရရှိရေးသည်လူ့အခွင့်အရေးဖြစ်သည်။ မြေယာမှသည် စားနပ်ရိက္ခာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဝယ်ယူရန် နည်းလမ်းများအထိ ဒေသဆိုင်ရာ ဒေသဆိုင်ရာ စားနပ်ရိက္ခာစနစ်တွင် အရင်းအမြစ်များ မျှတစွာလက်လှမ်းမီမှု မရှိစေသည့် ဖွဲ့စည်းပုံဆိုင်ရာ အတားအဆီးများ မြေယာစားနပ်ရိက္ခာ စိုက်ပျိုးခြင်းမှ အစ အစာဝယ်ခြင်းနည်းလမ်းများ အဆုံး စသည်တို့ကို ဖယ်ရှားပစ်ရမည်ဖြစ်သည်။ စားနပ်ရိက္ခာဆိုင်ရာ တရားမျှတရေးနှင့် လုပ်ပိုင်ခွင့်အာဏာရရှိရေးဆီသို့ ရောက်ရှိရန် လုပ်ဆောင်မှုသည် အသစ်အဆန်းမဟုတ်ဘဲ BIPOC အုပ်စုများမှ ဦးဆောင်သည့် ကာလရှည်ကြာရှိနေပြီးသား လှုပ်ရှားမှုများဖြစ်ကြသည်။

သာတူညီမျှရှိသည့် ဦးဆောင်မှုနှင့် ပေါင်းစပ်ပါဝင် ဆောင်ရွက်မှုအတွင်း ကျွန်ုပ်တို့၏ကိုယ်ပိုင် အားနည်းချက်များနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန် အရေးကြီးသည်ဟု ပရောဂျက်မိတ်ဖက်များမှ ခံစားရပါသည်။ စီမံကိန်းကို လှုပ်ရှားမှုအဖြစ်ထားရှိ၍ BIPOC အဖွဲ့အစည်းများနှင့် မဟာဗျူဟာ... 




### ဒေသဆိုင်ရာ စားနပ်ရိက္ခာထုတ်လုပ်ရာဒေသ

ဤပရောဂျက်အတွက် ကန်းဆပ်စ်မြို့တော်၏ အချင်းဝက် မိုင် 100 တွင်းရှိ နယ်ပယ်ကို ဒေသဆိုင်ရာ စားနပ်ရိက္ခာထုတ်လုပ်ရာဒေသအား သတ်မှတ်ထားပါသည်။ စားနပ်ရိက္ခာထုတ်လုပ်ရာဒေသဆိုသည်မှာ ထုတ်လုပ်သူများထံမှ ဝယ်ယူစားသုံးသူများထံသို့ စားနပ်ရိက္ခာများ စီးဆင်းသည့် ဒေသဖြစ်ပါသည်။

အထူးအာရုံစိုက်သည့် ဒေတာစုဆောင်းမှုနှင့် အသိုင်းအဝိုင်းမှ ပါဝင်ဆောင်ရွက်မှုရရှိရန် ဦးစားပေးကောင်တီ ရှစ်ခုကို ရွေးချယ်ထားပါသည်။ အဆိုပါကောင်တီရှစ်ခုက ပြည်နယ် နယ်နိမိတ်မျဉ်း၏ နှစ်ဖက်လုံးရှိ ကျေးလက်ဒေသ၊ ဆင်ခြေဖုံးနှင့် မြို့ပြအသိုင်းအဝိုင်းများ အရောအနှော တစ်ခုကို ကိုယ်စားပြုပါသည်။

### အသိုင်းအဝိုင်း ပါဝင်ဆောင်ရွက်မှု

နှစ်နှစ်ကြာ ပရောဂျက်အတွင်း ဦးစားပေးကောင်တီ ရှစ်ခုတွင်းရှိ အာရုံစိုက်အုပ်စု ၂၂ စုအတွင်း လူပေါင်း 218 ဦးဖြင့် ကျွန်ုပ်တို့ စေ့စပ်ဆောင်ရွက်ခဲ့ပါသည်။ ပါဝင်ဆောင်ရွက်သူများသည် ဆန်းစစ်အစီရင်ခံစာနှင့် လှုပ်ရှားမှုစီမံကိန်းအတွက် အသက်တမျှအရေးပါသော အချက်အလက်ရင်းမြစ်တစ်ခုဖြစ်ခဲ့သည်။ အာရုံစိုက်အဖွဲ့တစ်ခုနှင့် တွေ့ပြီးနောက် ပါဝင်ဆောင်ရွက်သူများ၏ 87% က ၎င်းတို့သည် အခြား စားနပ်ရိက္ခာစနစ် မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရန် အလားအလာရှိသည်ဟု ဆိုခဲ့ကြပါသည်။

# စီမံကိန်းကို ဦးတည်ထိန်းကြောင်းခြင်း

ဤစီမံကိန်းက ဒေသန္တရ စားသောက်ကုန်ထုတ်လုပ်သူများနှင့် ဝယ်ယူစားသုံးသူများအား ချိတ်ဆက်ပေးရန်၊ ဈေးကွက်အသစ်များနှင့် ရှိလက်စဈေးကွက်များကို ချဲ့ထွင်ရန်နှင့် အသိုင်းအဝိုင်းတွင်း စားနပ်ရိက္ခာဖူလုံရေးကို မြှင့်တင်ရန် နည်းလမ်းများကို ခွဲခြားဖော်ထုတ်ပေးပါသည်။ ကျွန်ုပ်တို့၏ မျှဝေအမြင်နှင့် ပန်းတိုင်များကို မြှင့်တင်ရန်၊ ဒေသတခွင်ရှိ အခြားသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် အတွက် ရင်းမြစ်များ လိုက်လံရှာဖွေရန် ကိရိယာတစ်ခုအဖြစ် ဤစီမံကိန်းကို အသုံးပြုပါ။

သာတူညီမျှရှိပြီး ရေရှည်တည်တံ့သည့် ဒေသဆိုင်ရာ စားနပ်ရိက္ခာစနစ်တစ်ခုအတွက် ကျွန်ုပ်တို့၏ မျှဝေအမြင်ဆီရောက်ရှိစေရန် ဤစီမံကိန်းတွင် ပန်းတိုင် သို့မဟုတ် အထင်ကရမှတ်တိုင် ရှစ်ခု ပါရှိပါသည်။ လုပ်ငန်းစီမံကိန်းအပြည့်အစုံတွင်းပါ အဆိုပါ နည်းဗျူဟာများနှင့် အဓိက မိတ်ဖက်များဆိုင်ရာ ဥပမာများကို ကြည့်ရှုပါ။

## ပန်းတိုင် 1  စားနပ်ရိက္ခာ ဖူလုံရေး

### စားနပ်ရိက္ခာမဖူလုံမှု တွေ့ကြုံခံစားနေရသူများသည် ယဉ်ကျေးမှုအရ နှစ်သက်သည့် သို့မဟုတ် ဆေးဘက်ဆိုင်ရာအရ မရှိမဖြစ်လိုအပ်သည့် အစားအစာ အပါအဝင် စားနပ်ရိက္ခာများကို စဉ်ဆက်မပြတ် လက်လှမ်းမီရယူခွင့်ရှိပါသည်။

**နည်းဗျူဟာ 1.1** စားနပ်ရိက္ခာဖူလုံရေးကို မြှင့်တင်ပေးပြီး ယဉ်ကျေးမှုနှစ်သက်သည့် သို့မဟုတ် ဆေးဘက်ဆိုင်ရာအရ မရှိမဖြစ်လိုအပ်သည့် အစားအစာ အလှမ်းမီရယူအသုံးပြုခွင့် တိုးတက်ကောင်းမွန်စေသည့် ဒေသန္တရ၊ ပြည်နယ်နှင့် ပြည်ထောင်စု မူဝါဒများကို ထောက်ခံအားပေးရန်။

**နည်းဗျူဟာ 1.2** စားနပ်ရိက္ခာ မဖူလုံမှု တွေ့ကြုံခံစားနေရသူများအတွက် အခြေခံဝင်ငွေ အာမခံပေးသည့် ရှေ့ပြေးအစီအစဉ်တစ်ခု ဖော်ထုတ်ရန်။

**နည်းဗျူဟာ 1.3** ဝန်ထမ်းများ၊ ကိရိယာပစ္စည်းများနှင့် ဝယ်ယူသိုလှောင်ရေးအတွက် ရန်ပုံငွေထောက်ပံ့ခြင်းဖြင့် စားနပ်ရိက္ခာလက်အလှမ်းမီရယူခွင့် အစီအစဉ်များ၏ စွမ်းဆောင်ရည်ကို ပံ့ပိုးပေးရန်။

**နည်းဗျူဟာ 1.4** စားနပ်ရိက္ခာလက်အလှမ်းမီရယူခွင့် များပြားစေရန် အခြားရွေးချယ်စရာ စီးပွားရေးလုပ်ငန်းများကို စူးစမ်းရှာဖွေပြီး ကူညီပံ့ပိုးပေးရန်။

## ပန်းတိုင် 2 စားနပ်ရိက္ခာဆိုင်ရာ လုပ်သားများကို ကူညီပံ့ပိုးပေးရန်


### စားနပ်ရိက္ခာစနစ်တွင်းရှိ လုပ်သားများနှင့် ဒေသထွက်ကုန် ထုတ်လုပ်သူများထံတွင် ရှင်သန်နေထိုင်ရန် လုပ်ခ၊ စီးပွားရေး ရှင်သန်နိုင်မှုနှင့် တန်ဖိုးသင့်သည့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကို အလှမ်းမီအသုံးပြုခွင့် အပါအဝင် ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကြောင်းမှုတစ်ခုရှိကြပါသည်။

**နည်းဗျူဟာ 2.1** ရှင်သန်နေထိုင်ရန် လုပ်ခ၊ စီးပွားရေး ရှင်သန်နိုင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကလေးသူငယ်စောင့်ရှောက်မှုအတွက် တန်ဖိုးသင့်စွာ အလှမ်းမီအသုံးပြုခွင့်တို့ အပါအဝင် စားနပ်ရိက္ခာစနစ်တွင်းရှိ လုပ်သားများနှင့် ဒေသထွက်ကုန် ထုတ်လုပ်သူများ၏ အသက်မွေးဝမ်းကြောင်းမှုကို မြှင့်တင်ပေးသည့် မူဝါဒများကို ထောက်ခံအားပေးရန်။

**နည်းဗျူဟာ 2.2** ဒေသထွက်ကုန် ထုတ်လုပ်သူများအတွက် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် အခြားရွေးချယ်စရာ ကျန်းမာရေး အာမခံနှင့် ကျန်းမာရေးစောင့်ရှောက်မှု နမူနာပုံစံများကို စူးစမ်းရှာဖွေရန်။

**နည်းဗျူဟာ 2.3** ဒေသထွက် စားသောက်ကုန်ထုတ်လုပ်မှုနှင့် အသိုင်းအဝိုင်းတွင်း စားနပ်ရိက္ခာဖူလုံရေးကို ကူညီပံ့ပိုးပေးရန် ပြည်သူပိုင်ရင်းမြစ်များကို အသုံးပြုသည့် ရှေ့ပြေးအစီအစဉ်တစ်ခု ဖော်ထုတ်ရန်။

**နည်းဗျူဟာ 2.4** စားနပ်ရိက္ခာစနစ်တွင်းရှိ လုပ်သားများနှင့် ဝယ်ယူစားသုံးသူများအား စနစ်တကျဖွဲ့စည်းထားသည့်လုပ်ငန်း၏ အကျိုးအမြတ်များအကြောင်း ပညာပေးရန်။



The Merc Co+op တွင် တွေ့ရသည့် တင်းသီးတင်းရွက်များ

## ပန်းတိုင် 3 ဒေသထွက်ကုန် ဝယ်ယူရန်

### ဝယ်ယူစားသုံးသူများသည် ဒေသထွက် စားသောက်ကုန်၏ အကျိုးကျေးဇူးများကို သိရှိ ဝယ်ယူကြပါသည်။

**နည်းဗျူဟာ 3.1** ရေရှည်တည်တံ့သည့် အလေ့အထများရရှိရန် စံအဆင့်အတန်းများကို ပေါင်းစည်းပေးသည့် ဒေသထွက်ကုန်ပစ္စည်းများအတွက် ရှိလက်စ အမှတ်တံဆိပ်နှင့် ဈေးကွက်ဖော်ထုတ်ရေး ကမ်ပိန်းများကို မြှင့်တင်ရန်။

**နည်းဗျူဟာ 3.2** ပညာပေး သင်တန်းများ၊ ယာခင်းမှသည် ညစာစားပွဲဆီသို့နှင့် ယာခင်းလေ့လာရေးခရီးများကဲ့သို့ ဝယ်ယူစားသုံးသူများအား ဒေသန္တရ ယာခင်းများနှင့် ချိတ်ဆက်ပေးသည့် နေရာတွင်းပွဲအစီအစဉ်များကို ကျင်းပ၍ မြှင့်တင်ပေးရန်။

## ပန်းတိုင် 4 စားနပ်ရိက္ခာစနစ်ဆိုင်ရာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

### လူငယ်လူရွယ်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း စတင်သူများအပါအဝင် အသက်အရွယ်ပေါင်းစုံရှိ လူများထံတွင် ဒေသန္တရ စားနပ်ရိက္ခာစနစ်ဆိုင်ရာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင်း ဝင်ရောက်နိုင်သည့်နေရာမှတ်တစ်ခု ရှိပါသည်။

**နည်းဗျူဟာ 4.1** သားသမီးများအား ဒေသထွက် စားသောက်ကုန်နှင့် စိုက်ပျိုးမွေးမြူရေးများအကြောင်း မိတ်ဆက်ပေးသည့် အစီအစဉ်များ ချဲ့ထွင်ပေးရန်။

**နည်းဗျူဟာ 4.2** လူငယ်လူရွယ်များနှင့် အရွယ်ရောက်လူကြီးများအတွက် ဒေသထွက် စားသောက်ကုန်နှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကြောင်းလုပ်ငန်း အစီအစဉ်များ ချဲ့ထွင်ပေးရန်။



The Prospect KC မှ စားဖိုမှူး Shanita နှင့် သင်တန်းသားများ

**နည်းဗျူဟာ 4.3** ဒေသဆိုင်ရာ စားနပ်ရိက္ခာစနစ် ခေါင်းဆောင်များအား ပညာပေးလုပ်ငန်းကို ကူညီပံ့ပိုးပေးရန် စကောလားရှစ်အစီအစဉ်များ ဖော်ထုတ်ပေးရန်။

**နည်းဗျူဟာ 4.4** စတင်သူများ၊ ဝါရင့်လုပ်သားများနှင့် လူမှုရေးအရ ချို့တဲ့သော တောင်သူလယ်သမားများအား ကူညီပံ့ပိုးပေးရန် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ လုပ်သားအင်အား ဖော်ထုတ်ရေးအစီအစဉ်များကို ချဲ့ထွင်ပေးရန်။



ကန်းဆပ်စ်ပြည်နယ်၊ Lawrence ရှိ Nanasoohannena Farm

## ပန်းတိုင် 5 မြေယာ အလှမ်းမီရယူအသုံးပြုခွင့်

### ဒေသထွက်ကုန် ထုတ်လုပ်သူများထံတွင် မြို့ပြနှင့် ကျေးလက်ဒေသတွင်းရှိ တန်ဖိုးသင့်မြေယာကိုလက်အလှမ်းမီရယူခွင့် ရှိပါသည်။

**နည်းဗျူဟာ 5.1** မြို့ပြနှင့် ကျေးလက် ထုတ်လုပ်သူများအတွက် အလှမ်းမီ၊ သာတူညီမျှရှိသည့်မြေယာ ရယူအသုံးပြုခွင့် မူဝါဒများကို ထောက်ခံအားပေးရန်။

**နည်းဗျူဟာ 5.2** မြေယာပိုင်ဆိုင်သူများအား ဒေသထွက်ကုန် ထုတ်လုပ်သူများနှင့် ချိတ်ဆက်ပေးသည့် မြေယာချိတ်ဆက်မှု အစီအစဉ်တစ်ခု ဖော်ထုတ်ရန်။

**နည်းဗျူဟာ 5.3** စားနပ်ရိက္ခာထုတ်လုပ်ရန် မြေယာ ကာကွယ်ရေးနှင့် ရယူရေးအတွက် အသိုင်းအဝိုင်းတွင်း မြေယာဆိုင်ယာ ယုံကြည်ရသည့်အဖွဲ့အစည်းများဖြင့် မိတ်ဖက်ဆောင်ရွက်ရန်။

**နည်းဗျူဟာ 5.4** ပူးပေါင်းဆောင်ရွက်သည့် မြေယာပိုင်ဆိုင်မှု နမူနာပုံစံများကို စူးစမ်းရှာဖွေရန်။

# ပန်းတိုင် 6 ဒေသထွက် စားသောက်ကုန် ဆိုင်ရာ အခြေခံအဆောက်အအုံ

ဒေသထွက်ကုန် ထုတ်လုပ်သူများထံတွင် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကို စုဆောင်း၊ သိုလှောင်၊ ပြင်ဆင်၊ ထုတ်ပိုးပြီး ဖြန့်ဖြူးရန် အခြေခံအဆောက်အအုံ ရှိကြပါသည်။

**နည်းဗျူဟာ 6.1** စကေးမျိုးစုံရှိသည့် ဒေသထွက်ကုန်ထုတ်လုပ်သူများ အတွက် ရရှိနိုင်သည့် အလယ်အလတ်လမ်းကြောင်း တန်ဖိုးကွင်းဆက်ရှိသည့် အခြေခံအဆောက်အအုံနှင့် နည်းပညာအထောက်အကူ ကွန်ရက်တစ်ခု ဖော်ထုတ်ပေးရန်။

**နည်းဗျူဟာ 6.2** အလယ်အလတ်လမ်းကြောင်း တန်ဖိုးကွင်းဆက်ရှိသည့် အခြေခံအဆောက်အအုံတွင်း ရင်းနှီးမြှုပ်နှံမှုများရရှိရန် ရန်ပုံငွေ ထောက်ပံ့မှုနှင့် ငွေအရင်းအနှီး အလှမ်းမီရယူနိုင်မှု များပြားစေရန်။

**နည်းဗျူဟာ 6.3** အလယ်အလတ်လမ်းကြောင်း တန်ဖိုးကွင်းဆက်ရှိသည့် ထပ်ဆောင်း အခြေခံအဆောက်အအုံရရှိရန် တတ်နိုင်မှုရှိမရှိ လေ့လာမှုများ လုပ်ဆောင်ရန်။

# ပန်းတိုင် 7 စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှသည် ဈေးကွက်ဆီသို့

ဒေသထွက်ကုန် ထုတ်လုပ်သူများထံတွင် ဈေးကွက်အသစ်နှင့် ရှိလက်စဈေးကွက်များကိုလက်အလှမ်းမီ ရယူခွင့် ရှိပါသည်။

**နည်းဗျူဟာ 7.1** အမြဲတမ်း၊ တစ်နှစ်ပတ်လုံးဖွင့်သည့် တောင်သူလယ်သမားဈေးများနှင့် ဒေသထွက်စားသောက်ကုန် လက်လီရောင်းစတိုးဆိုင်များ ဖွံ့ဖြိုးတိုးတက်အောင် ကူညီပံ့ပိုးပေးရန်။

**နည်းဗျူဟာ 7.2** ဒေသထွက် စားသောက်ကုန်ဆိုင်ရာ လိုအပ်ချက်များပြားစေရန် 'စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှသည် အဖွဲ့အစည်းသို့' အစီအစဉ်များကို ချဲ့ထွင်ပေးရန်။

**နည်းဗျူဟာ 7.3** ဒေသထွက်၊ ရေရှည်တည်တံ့သည့် စားသောက်ကုန် ဦးစားပေးဝယ်ယူသိုလှောင်ရေး မူဝါဒများကို မွေးမြူရန် ဒေသန္တရနှင့် ပြည်နယ်အစိုးရများ ရရှိအောင် ထောက်ခံအားပေးရန်။

**နည်းဗျူဟာ 7.4** ရှိလက်စဈေးကွက်များအတွက် စီမံအုပ်ချုပ်ရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အတားအဆီးများကို ခွဲခြားဖော်ထုတ်ကာ အဆိုပါအတားအဆီးများကို ကျော်လွှားရန်အတွက် ဒေသထွက်ကုန် ထုတ်လုပ်သူများအား နည်းပညာအထောက်အကူများ ပေးအပ်ရန်။

# ပန်းတိုင် 8 စားနပ်ရိက္ခာစနစ်အတွက် ရင်းမြစ်များ

ပူးပေါင်းဆောင်ရွက်သည့် ဒေသဆိုင်ရာ စားနပ်ရိက္ခာစနစ်လုပ်ငန်းအား ကူညီပံ့ပိုးသည့် အချက်အလက်နှင့် ရင်းမြစ်များကို အလွယ်တကူလက်အလှမ်းမီရယူနိုင်ပါသည်။

**နည်းဗျူဟာ 8.1** ဒေသဆိုင်ရာ စားနပ်ရိက္ခာစနစ်အား ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းများအား အချက်အလက်များ၊ ရင်းမြစ်များနှင့် နည်းပညာ ထောက်ကူပေးသည့် အွန်လိုင်းဗဟိုဌာနတစ်ခု ဖော်ထုတ်ပြီး မြှင့်တင်ပေးရန်။

**နည်းဗျူဟာ 8.2** ဒေသဆိုင်ရာ စားနပ်ရိက္ခာစနစ်အတွက် ဒေတာဒက်ရှ်ဘုတ်ကို မြှင့်တင်ပြီး ချဲ့ထွင်ပေးရန်။




Fair Share Farm မှ အချဉ်ဖောက်သည့်အရာများ

## စီမံကိန်းမှသည် လှုပ်ရှားဆောင်ရွက်မှုဆီသို့

ဤစီမံကိန်းကို လှုပ်ရှားမှုအဖြစ် ထားရှိရန် အတူတကွလုပ်ကိုင်ကြပါစို့။ 2024 ခုနှစ်၊ နွေဦးရာသီအတွင်း USDA ၏ ဒေသဆိုင်ရာ စားနပ်ရိက္ခာစနစ် မိတ်ဖက်များမှတဆင့် အကောင်အထည်ဖော်ရေးနှင့် တိုးချဲ့ရေး ချီးမြှင့်ငွေ လျှောက်ထားရန် ပရောဂျက်အဖွဲ့သည် အားထုတ်မှုများကို ညှိနှိုင်းဆောင်ရွက်ပေးပါမည်။

သင့်အနေဖြင့် မည်သို့ပါဝင်ဆောင်ရွက်နိုင်ကြောင်းသိရှိရန် QR ကုဒ်ကို စကန်ဖတ်ပါ သို့မဟုတ် ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်တွင်း ဝင်ရောက်ကြည့်ရှုပါ။ လှုပ်ရှားဆောင်ရွက်မှု စီမံကိန်းအပြည့်အစုံတွင်းပါ ဒေသဆိုင်ရာ စားနပ်ရိက္ခာစနစ် အခြားစီမံကိန်းများ၊ လက်ရှိပရောဂျက်များနှင့် ရန်ပုံငွေထောက်ပံ့မှုများအကြောင်း ကို လုပ်ငန်းစီမံကိန်း အပြည့်အစုံတွင်ကြည့်ရှုပါ။